အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

Women's League of Burma

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏**
**နဂမအကြိမ်ညီလာခံ ထုတ်ပြန်ကြေညာချက်**

ရက်စွဲ။ ။ ၂၀၁၇ ခုနှစ်၊ မတ်လ (၂၀)ရက်

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့၊ လုပ်ငန်းစဉ်တာဝန်ခံများ၊ ဝန်ထမ်းများနှင့် လေ့လာသူများ စုစုပေါင်း (၆၇) ဦးပါဝင်သော နဂမ အကြိမ်ညီလာခံကို ၂၀၁၇ ခုနှစ်၊ မတ်လ (၁၆) ရက်မှ (၁၈) ရက်နေ့အထိ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ညီလာခံတွင် အတွင်းရေးမှူးအဖွဲ့၏ အဌမအကြိမ်ညီလာခံ သက်တမ်း ၂ နှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းအစီရင်ခံစာများနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို တင်ပြခြင်း၊ ဆွေးနွေးသုံးသပ်အတည်ပြုခြင်းနှင့် အဖွဲ့ချုပ်၏ဖွဲ့စည်းပုံအား ပြန်လပြန်လည်သုံးသပ်၍ ရှေ့လုပ်ငန်းစဉ်များနှင့် ပိုမိုကိုက်ညီမှုရှိစေရန်အတွက် ဖြည့်စွက်၊ ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ထို့အပြင် မဟာဗျူဟာစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးအကြံပြုထားသည့် မျှော်မှန်းချက် (vision) နှင့် လုပ်ငန်းဦးတည်ချက် (mission) ကိုအတည်ပြုနိုင်ခဲ့ပြီး ကျားမတန်းတူညီမျှရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေးတို့ကို အခြေခံ၍ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန် ဖြစ်သည်။ အဖွဲ့ချုပ်၏ လုပ်ငန်းဦးတည်ချက်များမှာ အမျိုးသမီး များ၏ အဆင့်အတန်းမြှင့်တင်ခြင်းဖြင့် ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး တို့ကို ဦးတည်လုပ်ဆောင်သွားရန် ဖြစ်သည်။

နဂမအကြိမ်ညီလာခံသက်တမ်းတွင် ချမှတ်ခဲ့သည့် မူဝါဒများကို ဦးဆောင်သွားမည့် မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင် (၁၃) ဦးကို အဖွဲ့ဝင်အဖွဲ့အစည်းများမှ ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းခဲ့သည်။ ရှေ့လုပ်ငန်းစဉ်များကို အဓိကတာဝန်ယူဆောင်ရွက်သွားမည့် အဖွဲ့ဝင် (၃) ဦးပါဝင်သည့် အတွင်းရေးမှူးအဖွဲ့ကိုလည်း အဖွဲ့ဝင်အဖွဲ့အစည်းများမှ အမည်တင်သွင်းသော ကိုယ်စားလှယ်(၁၃)ဦးထဲမှ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

နဂမအကြိမ်ညီလာခံသက်တမ်းတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းမှုအခြေအနေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးဆွေးနွေးမှုများ၊ တိုင်းရင်းသားဒေသများတွင် ပြည်တွင်းစစ်များပြင်းထန်စွာ ဆက်လက်ဖြစ်ပေါ်နေသည့် အခြေအနေ၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချသော နေရာများတွင် ပါဝင်မှု အနေအထား စသည်တို့ကို ဆွေးနွေးသုံးသပ်ခဲ့သည်။

အထူးသဖြင့် ယခင်အစိုးရလက်ထက်မှ စတင်လုပ်ဆောင်လာခဲ့ပြီး လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရမှ ဆက်လက်တာဝန်ယူလုပ်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်သည် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာဖြစ်ထွန်းနိုင်ရေးနှင့် အားလုံးပါဝင်ရေးအပေါ် အာမခံနိုင်မှုမရှိခြင်းကြောင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွား နေခဲ့သည်။ ထိုသို့ဖြစ်ပွားနေရာမှ ၂၀၁၇ ခုနှစ်အတွင်း ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ဒေသတွင် ပိုမိုပြင်းထန်သော စစ်ပွဲများ ဆက်တိုက်ဖြစ်ပေါ်လာသည့် အခြေအနေကို အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ အထူးစိုးရိမ်လျက်ရှိသည်။ စစ်ပွဲများကြောင့် ကလေး

GPO Box 413, Chiang Mai 50000, Thailand Tel: 66 53 217 006: Fax: 66 53 226 578 Email: secretariat@womenofburma.org

မိခင်များ၊ ကိုယ်ဝန်ဆောင်များအပါအဝင် အမျိုးသမီးအများစုပါဝင်သော အရပ်သားများ ထိခိုက်နစ်နာနေခြင်း၊ စစ်ဘေးရှောင်များ ပိုမိုများပြားလာပြီး ဘေးဒုက္ခများစွာ ရင်ဆိုင်နေရခြင်းတို့သည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို စိန်ခေါ်လျက် ရှိပေသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကပါဝင်နေသည့် အစိုးရနှင့် တပ်မတော်အားလည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများအားလည်းကောင်း၊ တနိုင်ငံလုံးအတိုင်းအတာဆောင်သည့် စစ်ပြေငြိမ်းရေးနှင့် ပဋိပက္ခလျှော့ချနိုင်ရေးကို ဦးတည်သည့် အခြေခံအဆင့်များမှတဆင့် အာမခံချက်ရှိသည့် နိုင်ငံရေး ဆွေးနွေးပွဲများ အားကောင်းစွာ စတင်နိုင်ရေးကို ရှေ့ရှုသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို အမြန်ဆုံးပြန်လည် တည့်မတ်ကြပါရန်နှင့် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်ရေးကို ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်တိုင်းတွင် အလေးထားဆောင်ရွက်ပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

ညီလာခံတွင် အတည်ပြုချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များကို ရွေးချယ်တင်မြောက်ခြင်းခံရသော အတွင်းရေးမှူးအဖွဲ့နှင့် မူဝါဒရေးရာဦးဆောင်ကော်မတီမှ အကြံပေးအဖွဲ့တို့၏ ဝန်းရံမှုတို့နှင့်အတူ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ပြည်တွင်းစစ်ရပ်စဲ၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်မည့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ထွန်းလာရန်အတွက် မိမိတို့၏ မဟာမိတ်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ထပ်လောင်း အတည်ပြုသည်။

**ဆက်သွယ်ရန်**

ဒေါ်တင်တင်ညို   မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်
(+၆၆ (၀) ၈၁ ၀၃၂ ၂၈၈၂
နော်ဆဲဆဲ   တွဲဖက်အထွေထွေ အတွင်းရေးမှူး (၁)
(+၆၆ (၀) ၈၁ ၃၈၇ ၃၃၁၂) (သို့) (+၉၅ (၀) ၉၂ ၅၅၈၁ ၇၀၉၂)
မော်ဒေးမြာ   တွဲဖက်အထွေထွေ အတွင်းရေးမှူး (၂)
(+၆၆ (၀) ၆၄ ၇၆၁ ၄၅၅၉) (သို့) (+၉၅ (၀) ၉၄ ၂၈၃၆ ၂၄၀၇)\

GPO Box 413, Chiang Mai 50000, Thailand   Tel: 66 53 217 006: Fax: 66 53 226 578   Email: secretariat@womenofburma.org